စိတ်ဖြင့်ကား ကြည့်ကောင်း၏။ [ဥဇ္ဇောနသညီ ကဲ့ရဲ့ခြင်း၌ သညာရှိသည်။]

**အတိမဟန္တသိက္ခာပုဒ်။** ။ကိုရင် ဗုဒ္ဓရက္ခိတ....ဆွမ်းစားသော အခါ ဆွမ်းလုပ်ကို အလွန်ကြီးကြီး ပြုလုပ်၍ မစားရ၊ မိမိ ပါးစပ်အတွင်းမှာ တော်ရုံလောက် မှန်း၍ ဆွမ်းလုပ်ကို ပြုလုပ်ရသည်၊ ကျမ်းစာတို့၌ "ဒေါင်းဥ လောက် မကြီးစေရ" ဟု သတ်မှတ်၏၊ သို့သော် "ပါးစပ်ထဲ၌ ပြည့်သိပ်နေအောင် မစားရ" ဟုသာ မှတ်ပါ။ [အတိမဟန္တ = အလွန်ကြီးသည်။]

**ပရိမဏ္ဍလအာလောပ။** ။ကိုရင် ဗုဒ္ဓရက္ခိတ... ဆွမ်းလုပ်ကို ရှည်ရှည် လျားလျား မဖြစ်စေဘဲ ခပ်ဝိုင်းဝိုင်းနေအောင် ပြင်ပြီးမှ ပါးစပ်တွင်းသို့ သွင်းရသည်၊ ထို့ကြောင့် ဆွမ်းစားသောအခါ ဆွမ်းလုပ်ကို လက်ထဲ၌ ထည့်ပြီးလျှင် လက်မကလေးနှင့် လှည့်ပတ်၍ ပြင်လိုက်ပါ၊ ဆွမ်းလုပ်ပြင်ရင်း (ရှေး၌ ပြခဲ့ပြီးသော ဇစ္စဝေဏ္ဏာကိုလည်း အတိုချုပ် ဆင်ခြင်နိုင်ပါသေးသည်၊) ဤကဲ့သို့ ဆွမ်းလုပ်ပြင်၍ စားလေ့ရှိသော ရဟန်းသာမဏေများကို လူတို့က အလွန် ကျေနပ်ကြည်ညိုကြသည်။ [ပရိမဏ္ဍလ = ထက်ဝန်းကျင် ဝိုင်းသော + အာလောပ = ဆွမ်းလုပ်။]